သေတမ်းစာ
ရေး- သန်းတိုးအောင်

'အေးဆေးပါ၊ အေးဆေးပါ၊ အေးဆေးပါ'
ဒီဂါထာကို နေ့စဉ်ရက်ဆက် ငါအထပ်ထပ်ရွတ်ဆို
တစ်တိုင်းပြည်လုံး မီးလောင်ပြာကျတုန်း
တယောထိုးတဲ့ ဘုရင်ကြီးအကြောင်း ကြားဖူးလား။
သူ့ထက်ဆိုးယုတ်တဲ့ မကောင်းဆိုးဝါးကြီး ငါတို့မှာရှိတယ်။
ဟိုမှာသူပဲ
သူ့လက်ပါးစေတွေက နေရာတိုင်းမှာ
အာဏာရဖို့ ဘာမဆိုသူလုပ်လိမ့်မယ်။

ညညဆို သေနတ်သံ၊ ရိုက်နှက်သံ၊ တောင်းပန်သံတွေကြားပြီး လန့်လန့်နိုး
ခရမ်းချဉ်သီးတွေလို လူ့ဦးနှောက်တွေ လမ်းပေါ်မှာ ပွစာကျနေတဲ့မြင်ကွင်းတွေ၊
အစိမ်းရောင် အကြမ်းဖက်ကောင်တွေက
ငါ့အိမ်နီးချင်းတွေကို လှမ်းအော်ဆဲသံတွေ ကြားနေရတယ်။
ဝရန်တာထွက်လာရင် ပစ်မယ်
ညာသံပေးရင် ပစ်မယ်
မီးမပိတ်ရင် ပစ်မယ်
အသက်ရှုရင် ပစ်မယ်
အိပ်ယာဝင်ချိန် ကြင်ဖော်ကိုတင်းတင်းဖက်ထားမိတယ်။
သန်းခေါင်ကျော် ၃ နာရီမှာ
အိမ်ထဲသော့ဖျက်ဝင်လာမလား။
အသေရရ၊ အရှင်ရရ ဖမ်းခေါ်သွားမလား။

တိုက်ပွဲဝင်ရမလား
တိုက်ပွဲရှောင်ရမလား
ငါအဆင်သင့်ပဲ
ငါအဆင်သင့်ဖြစ်အောင်လုပ်ထားတယ်။
ငါ့ကိုယ်ငါနဲ့ ဘေးနားကလူတွေကို ကာကွယ်ဖို့
လက်လုပ်တိုက်ခိုက်ရေးပစ္စည်းလုပ်နည်းတွေ
ယူကျူ့ဘ်မှာ ကြည့်ထားတယ်။
သက်တမ်းကုန်နေတဲ့ ပတ်စ်ပို့ရယ်၊ မိသားစုဓာတ်ပုံဟောင်းလေးရယ် အိတ်ထဲထည့်
ထွက်ပြေးရတော့မလား။
ဘယ်နိုင်ငံကမှ မလိုချင်တဲ့ ဒုက္ခသည်ဖြစ်တော့မှာလား။

သူငယ်ချင်းတွေကို မှာထားတယ်။
'ငါအသတ်ခံရင် မြေမြှုပ်မနေနဲ့ မီးသာရှို့လိုက်၊
ဒါမှသင်္ချိုင်းထထိ သူတို့လိုက်ခြောက်လှန့်လို့ မရမှာ'

ငါသေရင် ဒီနိုင်ငံမှာ လူပြန်မဖြစ်ပါရစေနဲ့လို့ ဘုရားသခင်ထံဆုတောင်းတယ်။
ရေကန်ဘေး လှေလေးတစ်စင်းနဲ့
နေဝင်ချိန်ကို ထိုင်ကြည့်ပါရစေလို့ ဘုရားသခင်ကို ပြောမယ်၊
အပူအပင်မဲ့ ဥရောပသား တွေလိုပေါ့။
တကယ်လို့ ငါတို့နိုင်ရင် ငါဘဝမှတ်တမ်းတစ်အုပ်ရေးမယ်

ရေကန်ဘေး လှေလေးတစ်စင်းနဲ့ နေဝင်ချိန်ကို ထိုင်ကြည့်မယ်၊
အပူအပင်မဲ့ ဥရောပသား တွေလိုပေါ့။

အခုတော့
'အေးဆေးပါ၊ အေးဆေးပါ၊ အေးဆေးပါ'
ငါတို့တွေကို မပစ်သတ်ခင်၊ မဖမ်းခေါ်သွားခင် အထိပေါ့။

၁၆ မတ် ၂၀၂၁